Perth Children's Hospital

ကျန်းမာရေးဆိုင်ရာ အချက်အလက်များ

# ကလေးများ အဖျားတက်ခြင်း

## အဖျားတက်ခြင်း (Fever) ဆိုသည်မှာ အဘယ်နည်း။

အဖျားတက်ခြင်းဆိုသည် ခန္ဓာကိုယ် အပူချိန် သာမန်ထက်ပိုပြီး ပူနေခြင်း (38 ဒီဂရီအထက်ရှိနေခြင်း) ကိုဆိုလိုပါသည်။ အဖျားတက်ခြင်းသည် ရောဂါကူးစက်ခြင်းကို ခန္ဓာကိုယ်က တိုက်ဖျက်ရန် သဘာဝအလျောက်တုန့်ပြန်ခြင်းကို ဆိုလိုပါသည်။ အဖျားတက်ခြင်းကို ကုသရန် မလိုအပ်သော်လည်း အဖျားတက်နေပါက ကလေးများမှာ စိတ်သက်သာ ဖြစ်ရသောကြောင့် သူတို့ကို ပိုမိုသက်သောင့်သက်သာဖြစ်စေရန် ဆေးဝါးတိုက်ကျွေးနိုင်ပါသည်။

ကလေးများအနေနှင့် အဖျားတက်စေသည့် ရောဂါကူးစက်မှု ပျော့စားများဖြစ်ခြင်းမှာ ဖြစ်လေ့ဖြစ်ထရှိပါသည်။ ကလေး အသက်ငယ်ရွယ်လေ၊ မကြာခဏဖြစ်လေ ဖြစ်ပါသည်။ ကလေးများသည် နေ့ကလေးထိန်းဌာန သို့မဟုတ် ကျောင်းကို စတက်သည့်အခါကဲ့သို့ အခြားကလေးများနှင့် ထိတွေ့မှုရှိသည့်အခါ ရောဂါကူးစက်မှုများ အလွန် ဖြစ်လေ့ဖြစ်ထ ရှိပါသည်။

ကလေးများသည် တစ်နှစ်လျှင် ရောဂါကူးစက်မှု 5 ကြိမ်မှ 10 ကြိမ်အထိ ဖြစ်ခြင်းမှာ သမရိုးကျဖြစ်ပြီး များသောအားဖြင့် 2 ကြိမ် သို့မဟုတ် 3 ကြိမ် ဆက်တိုက်ဖြစ်တတ်ပါသည်။ နေ့ကလေးထိန်းဌာန တက်သည့်ကလေးများသည် မတက်သည့်ကလေးများထက် တစ်နှစ်လျှင် နှစ်ဆပိုပြီး ရောဂါကူးစက်မှု ဖြစ်ပါလိမ့်မည်။ တစ်ခါတစ်ရံတွင် သူတို့သည် တစ်ချိန်လုံး မကျန်းမမာဖြစ်နေသည်ဟု ထင်ရသော်လည်း ဤသို့ဖြစ်ခြင်းမှာ စိတ်ပူပန်စရာ မလိုအပ်ပါ။ မိဘများအနေနှင့် သူတို့၏ကလေးတွင် ကိုယ်ခံအား ပြဿနာရှိသည်ဟု များသောအားဖြင့် စိတ်ပူပန်ကြသော်လည်း ၎င်းမှာ ဤသို့ မဟုတ်ပါ။

## အဘယ်ကြောင့် အဖျားတက်သနည်း။

အဖျားတက်ခြင်းအများစုသည် သာမန် အအေးမိခြင်းကဲ့သို့ ဗိုင်းရပ်စ်ကြောင့် ဖြစ်ကြပါသည်။ ဖြစ်လေ့ဖြစ်ထ နည်းပါးသော အဖျားတက်ခြင်းများမှာ ဘက်တီးရီးယား ရောဂါကူးစက်မှုကြောင့်ဖြစ်တတ်ပါသည်။ အဖျားတက်ခြင်းသည် သွားပေါက်ခြင်းကြောင့် မဟုတ်ပါ၊ သို့သော် သွားပေါက်ခြင်းကြောင့် သင့်ကလေးအား မအီမသာ သို့မဟုတ် မခံမရပ်နိုင် ပို၍ ဖြစ်စေနိုင်သည်။ အဖျားမြင့်တက်ခြင်းသည် ကလေးသည် ပိုမိုဆိုးဝါးသော ရောဂါကူးစက်မှုရှိနေသည်ဟု မဆိုလိုပါ။

## ဘာဖြစ်လေ့ဖြစ်ထ ရှိသနည်း။

သင့်ကလေးတွင် ရောဂါကူးစက်မှု ရှိနေပြီဆိုသည့် ရောဂါလက္ခဏာမှာ သူတို့ ယခင်ကနှင့်မတူသည့် အနေအထားဖြစ်ပါသည်။ သင့်အနေနှင့် သူတို့သည် ကိုယ်ပူခြင်း၊ အားနည်းနေခြင်းနှင့် စိတ်ဆိုးလွယ်ခြင်းအချို့ကို သတိထားမိကောင်း သတိထားဖြစ်နိုင်ပါသည်။ သူတို့သည် ယခင်ကလို စားသောက်ခြင်း သို့မဟုတ် ကစားခြင်း ပြုချင်စိတ် ရှိချင်မှရှိပါလိမ့်မည်။ ဗိုင်းရပ်စ်အများစုသည် တစ်ပတ်ခန့် ကြာတတ်သော်လည်း ပထမရက်များမှာ အဆိုးဆုံးဖြစ်တတ်ပါသည်။

## အဖျားတက်နေသောကလေးကို ပြုစုခြင်း

အကယ်၍သင့်ကလေးသည် ကိုယ်အလွန်ပူနေပြီး သက်သာင့်သက်သာမရှိပါက သင့်အနေနှင့် ဖော်ပြပါ ရိုးစင်းသောအချက်များကို လုပ်ဆောင်နိုင်ပါသည်။

- သင့်ကလေးကို ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်သည့် - ပေါ့ပါးပြီး သက်သာမှုရှိသော အဝတ်အစားများ ဝတ်ဆင်ပေးပါ။ အေးသည့်ပတ်ဝန်းကျင် (သို့မဟုတ် ရေအေးဖြင့် ရေချိုးခြင်း) သည် အဖျားတက်စေမည့် ချမ်းတုန်ခြင်းဖြစ်လာနိုင်သဖြင့် ယင်းကို ရှောင်ပါ။

- အကယ်၍သင့်ကလေး မငြိမ်မသက်ဖြစ်နေမှသာ သို့မဟုတ် သက်သောင့်သက်သာ မရှိမှသာ ပါရာစီတမောလ် သို့မဟုတ် အိုင်ဗူပရိုဖင် (နှစ်မျိုးလုံးသည် နာကျင်ကိုက်ခဲမှု လျော့ပါးစေသည့် ဆေးဝါးများဖြစ်) တိုက်ကျွေးပါ၊ အဖျားတက်ခြင်းသက်သက်အတွက် မတိုက်ပါနှင့်။
- သင့်ကလေး (ပုံမှန်လောက်) မစားပါဟူ၍ အလွန်စိတ်မပူပါနှင့်၊ သို့သော် သူအရည်များများ သောက်စေရန် သေချာပါစေ။ အရည်အနည်းငယ် မကြာခဏ တိုက်ပါ။
- ဗိုင်းရပ်စ်ရောဂါကူးစက်မှုအများစုသည် အထူးကုသမှု မလိုအပ်ပါ။ ဘက်တီးရီးယားကူးစက်မှုအတွက် ဘက်တီးရီးယားပိုးသတ်ဆေး လိုအပ်အပ်နိုင်ပြီး လိုအပ်မှုကို ဆရာဝန်က စိစစ်ပါလိမ့်မည်။

## အကူအညီရယူရမည့်အချိန်

အကယ်၍သင်သည် သင့်ကလေးအတွက် စိတ်ပူပန်မှုရှိပါက သို့မဟုတ် အောက်ဖော်ပြပါအချက်တစ်ခုခု ဖြစ်နေပါက ဆရာဝန်နှင့်တွေ့သင့်ပါသည် -

- ခေါင်းမူးခေါင်းကိုက်ခြင်း သို့မဟုတ် လည်ပင်းတွင် နာကျင်ခြင်း
- လေးလံထိုင်းမှိုင်းခြင်း သို့မဟုတ် အိပ်ချင်မူးတူးဖြစ်နေခြင်း သို့မဟုတ် ပျော့ခွေနေခြင်း
- အလွန်စိတ်ဆိုးလွယ်နေခြင်း
- ရောဂါကူးစက်မှု အပျော့စားကြောင့် ဖြစ်တတ်သည်ထက် ပို၍ နာမကျန်းဖြစ်နေပုံရခြင်း
- ဆီးသွားလျှင် နာကျင်ခြင်း သို့မဟုတ် ဗိုက်နာဗိုက်အောင့်ခြင်း
- အဖုအပိမ့်ထွက်ခြင်း
- အကယ်၍သင့်ကလေးသည် 3 လ ထက်ငယ်ပြီး အဖျားတက်နေခြင်း တို့ဖြစ်ပါသည်။

အကယ်၍သင့်မှာ အခြားသော စိတ်ပူပန်မှုများရှိနေပါက သင့်ကလေးကို သင်ကုသနေကျဆရာဝန် သို့မဟုတ် အရေးပေါ်လူနာဌာနထံသို့ ခေါ်သွားပါ။

**Child and Adolescent Health Service**
15 Hospital Avenue, Nedlands, WA, 6009.
တယ်လီဖုန်း - (08) 6456 2222
ထုတ်ဝေသူ - အရေးပေါ်လူနာဌာန
ရည်ညွှန်း - 343.3 © CAHS 2023

**ဤစာစောင်ကို မသန်စွမ်းမှု တစ်ခုခုရှိသူများအတွက် တောင်းခံပါက ပုံစံအမျိုးမျိုးဖြင့် ရရှိနိုင်ပါသည်။**

**တာဝန်မယူငြင်းဆိုချက် –** ဤစာစောင်သည် အထွေထွေ ပညာပေးရေးနှင့် သိကောင်းစရာများ ဖြန့်ဝေခြင်းအတွက် ရည်ရွယ်ပါသည်။ ကျန်းမာရေးဆိုင်ရာ အကြံဉာဏ် လိုအပ်ပါက ကျွမ်းကျင်သော ကျန်းမာရေးပညာရှင်များကို ဆက်သွယ်ပါ။
မူပိုင် © State of Western Australia, Child and Adolescent Health Service.